# တက်ကြွလှုပ်ရှားသူ

## အပိုင်း (၈)

### လှုပ်ရှားမှုကို အစိုးရက ဘယ်လို ဖြိုခွင်းသလဲ

အစိုးရထောက်တိုင်တွေဟာ သူတို့ရဲ့ စားဝတ်နေရေးနဲ့ လုံခြုံရေးအရ အစိုးရကို မှီခိုနေရတာဖြစ်လို့ စိတ်ပါပါ၊ မပါပါ တာဝန်မှန်သမျှကို လုပ်ပေးရပါတယ်။ သူတို့ထဲကတချို့ဟာ အစိုးရကို အတိုက်အခံလုပ်တဲ့ တက်ကြွလှုပ်ရှားသူတွေကို အပြစ်မြင် မကောင်းပြောတတ်ကြပါတယ်။ ရှုံ့ချတတ်ကြပါတယ်။ လှောင်ပြောင်ပြက်ရယ်ပြုတတ်ကြပါတယ်။ ဖျက်လိုဖျက်စီး လုပ်တတ်ကြပါတယ်။ အဆင်ခြင်မဲ့သူတွေ၊ အဖျက်အမှောင့်ပြုသူတွေ၊ အစွန်းရောက်သမားတွေလို့ စွပ်စွဲတတ်ကြပါတယ်။ များသောအားဖြင့် အစိုးရပိုင် မီဒီယာတွေက တိုက်ခိုက်တတ်ကြပါတယ်။ ဒါတွေဟာ အစိုးရရဲ့ ဖြိုခွင်းရေး ပထမခြေလှမ်းပါဘဲ။ ပထမခြေလှမ်းဆိုပေမယ့် အစိုးရ မပြုတ်မချင်း အာဘောင်အာရင်းသန်သန်နဲ့ လိမ်ညာပြောတတ်မြဲဖြစ်ပါတယ်။

တချိန်တည်းမှာဘဲ လွတ်လပ်တဲ့မီဒီယာကို ပိတ်ဆို့ဖယ်ရှားဖို့ အစိုးရက ကြိုးပမ်းတတ်ပါတယ်။ အစိုးရပိုင် (ဒါမှမဟုတ်) အစိုးရထိန်းချုပ်ထားတဲ့ မီဒီယာတွေကလည်း လှုပ်ရှားမှုအကြောင်း ဘာမှမဖော်ပြပဲနေပါတယ်။ လူထုနဲ့ နိုင်ငံတကာက မသိရအောင် သတင်းမှောင်ချထားတာပါဘဲ။

ဒါပေမယ့် လူထုကြားမှာ လွတ်လပ်တဲ့ မီဒီယာဟာ အမြဲတမ်း ရှိနေပါတယ်။ အစိုးရက ဘယ်လိုဘဲ ပိတ်ပိတ် လူထုနည်းနဲ့ ကျော်လွှားနိုင်တဲ့အခါလည်း ရှိပါတယ်။ နည်းလမ်းကောင်းအများကြီးထဲက တခုကတော့ လူထုသတင်းထောက် (Citizen Reporter)တွေက ခေတ်မီ ဆက်သွယ်ရေးနည်းပညာတခုဖြစ်တဲ့ အင်တာနက်ကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်တာဘဲဖြစ်ပါတယ်။ အစိုးရက သတင်းမှောင်ချထားပေမယ့် သတင်းမှန်တွေကို လျင်လျင်မြန်မြန် တင်ပြပေးနိုင်ပါတယ်။ ပိုပြီးကျယ်ပြန့်သွားအောင် အခြားဆက်သွယ်ရေး နည်းလမ်းတွေကို သုံးကြပါတယ်။

ဒီလိုနည်းနဲ့ လူထုက ကျယ်ကျယ်ပြန့်ပြန့် သိလာတဲ့အခါမှာ အစိုးရက တက်ကြွလှုပ်ရှားသူတွေကို အကြမ်းဖက်သမား (Terrorist) တွေလို့ စွပ်စွဲပါတော့တယ်။ ပြည်သူအချင်းချင်း ရန်တိုက်ပေးတာပါဘဲ။ လူထုနဲ့ နိုင်ငံတကာ ထောက်ခံမှု မရအောင်လုပ်တာလည်း ဖြစ်ပါတယ်။ အစိုးရရဲ့ ဖြိုခွင်းရေး ဒုတိယအဆင့် ဖြစ်ပါတယ်။

တတိယအဆင့်မှာတော့ ပုံစံကွဲ အတော်များများကို အစိုးရက လုပ်တတ်ပါတယ်။ မြန်မာနိုင်ငံက စစ်အာဏာရှင်တွေရဲ့ လုပ်ရပ်တွေနဲ့ နမူနာပေးပါမယ်။ တက်ကြွလှုပ်ရှားသူတွေဘက်မှာ ဆန္ဒပြတောင်းဆိုနေတာကလွဲလို့ အခြားဘာပြစ်မှုကိုမှ ကျူးလွန်နေတာ မရှိတဲ့အတွက် အာဏာရှင်အစိုးရဟာ အကြမ်းဖက် ဖြိုခွဲနှိမ်နင်းဖို့ အခက်တွေ့နေရပါတယ်။ ၂၀၀၇ ခုနှစ် ရွှေဝါရောင် တော်လှန်ရေးမှာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေက မေတ္တာသုတ်ရွတ်ဆိုပြီး ကြွချီလှည့်လည်တဲ့အခါမှာ စစ်အစိုးရက ဖြိုခွဲဖို့ အခက်တွေ့နေရတာကို နမူနာယူကြည့်နိုင်ပါတယ်။ ဒီအခါမှာ အစိုးရက လူ့အသိုင်းအဝိုင်းနဲ့ မလျော်ညီတဲ့ ဥပဒေသစ်တွေကို ထုတ်ပြန်ပြီး တားဆီးဖို့ ကြိုးပမ်းတတ်ပါတယ်။ များသောအားဖြင့် နိုင်ငံရေးပုဒ်မတွေလို့ လူတွေက သိထားကြပါတယ်။ နိုင်ငံရေး မလုပ်နိုင်အောင်၊ တနည်းအားဖြင့် တက်ကြွလှုပ်ရှားမှုတွေမရှိအောင် ထုတ်ပြန်တားမြစ်ထားတဲ့ ဥပဒေတွေ ဖြစ်ပါတယ်။

နိုင်ငံရေးပုဒ်မ ထုတ်တဲ့နည်းအပြင် စီးပွားရေး-လူမှုရေးလုပ်ငန်းတွေနဲ့ တိုက်ရိုက်ဆက်နွယ်နေတဲ့ တားမြစ်ချက်တွေကိုပါ ဥပဒေပြဌာန်းတတ်ပါတယ်။ ဥပမာ- မြန်မာနိုင်ငံမှာ အင်တာနက်အသုံးပြုတဲ့ တက်ကြွလှုပ်ရှားသူတွေကို (၁၅)နှစ်ကြာအောင် ထောင်ချနိုင်တဲ့ အီလက်ထရောနစ်ဥပဒေနဲ့ အရေးယူတာမျိုးဖြစ်ပါတယ်။ ဒါကိုကြည့်ရင် အင်တာနက်ကို လူထုသတင်းထောက်တွေက အသုံးမပြုနိုင်အောင် တမင်တကာ ပိတ်ဆို့ထားမှန်း သိသာနေပါတယ်။ ဒီမိုကရေစီရှုထောင့်ကကြည့်ရင် သတင်းလွတ်လပ်မှုကို ပိတ်ဆို့ဖျက်ဆီးတာဖြစ်ပြီး တနည်းအားဖြင့် ဒီမိုကရေစီရဲ့တန်ဖိုးကို ဖျက်ဆီးတာလည်း ဖြစ်ပါတယ်။

နောက်နည်းလမ်းတခုကတော့ ထင်ယောင်ထင်မှားလုပ်တာ ဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးတွေမှာ တက်ကြွလှုပ်ရှားသူတွေကို မတရား ချုပ်ချယ်ထားတဲ့ ဥပဒေတွေနဲ့ တားဆီးလို့ မရတဲ့အခါ အစိုးရက မသမာတဲ့ နည်းလမ်းတွေကို သုံးပြီး မရမက အပြစ်ရှာ ဖမ်းဆီးတတ်ပါတယ်။ ဥပမာ- လက်သည်မပေါ်တဲ့ ဗုံးခွဲတာတွေမျိုးမှာ အငှားတရားခံရှာပြီး အဲဒီဗုံးခွဲတဲ့သူဟာ တက်ကြွလှုပ်ရှားမှုမှာ ပါဝင်သူတဦးဖြစ်တယ်လို့ စွဲချက်တင် သတင်းထုတ်ပြန်တာမျိုး ဖြစ်ပါတယ်။ တက်ကြွလှုပ်ရှားသူတွေဟာ အကြမ်းဖက်သမားဖြစ်တယ်လို့ စွပ်စွဲချင်တာကြောင့် ဖြစ်ပါတယ်။ လူထုနဲ့ နိုင်ငံတကာကို ထင်ယောင်ထင်မှား ဖြစ်စေပြီး အကြမ်းမဖက်လှုပ်ရှားနေတာကို အစိုးရက အကြမ်းဖက် ဖြိုခွဲနိုင်ဖို့ ရမယ်ရှာတာ ဖြစ်ပါတယ်။

နောက်တမျိုးကတော့ လူထုကြားထဲ ဝင်ရောတဲ့နည်း ဖြစ်ပါတယ်။ တက်ကြွလှုပ်ရှားသူတွေဟာ လူထုအင်အားကို စတင်တည်ဆောက်ပေးသူတွေ ဖြစ်ပါတယ်။ လူများများရအောင် စည်းရုံးလှုံ့ဆော်ပေးတာကို အစိုးရဘက်တော်သားတချို့က အခွင့်ကောင်းယူပြီး လူထုကြားထဲမှာ ကြားဝင်ရောနှောတတ်လာပါတယ်။ သူတို့ဟာ များသောအားဖြင့် ထောက်လှမ်းရေးတွေ၊ ငွေပေးစေခိုင်းထားတဲ့ ဒလံတွေ၊ သတင်းပေးတွေ ဖြစ်ပါတယ်။ သူတို့တာဝန်တွေကတော့ လှုပ်ရှားတက်ကြွသူတွေနဲ့ လူထုကို လမ်းလွှဲပို့ပြီး ဂျောက်တွန်းတာဖြစ်ပါတယ်။ ငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြနေချိန်မှာဆိုရင် အစိုးရယန္တရားတွေကို သူတို့ကိုယ်တိုင်က အရင် ဖျက်ဆီးပြတတ်ပါတယ်။ လူထုကို ဒေါသဖြစ်အောင် ဆွပေးတတ်ပါတယ်။ ဒေါသထွက်နေတဲ့ လူထုကို မြှောက်ပေးပင့်ပေးပြီး အကြမ်းဖက်လုပ်ရပ်တွေ လုပ်ခိုင်းတတ်ပါတယ်။

နမူကောင်းတရပ်ကတော့ ရှစ်လေးလုံး အရေးတော်ပုံတုန်းက ဖြစ်ပါတယ်။ ရိက္ခာဂိုဒေါင်တွေကို အစိုးရက အရင်ဖောက်ယူပြီး ကျန်တာကို ပြည်သူတွေကို ယူခိုင်းပါတယ်။ ခေါင်းဖြတ်သတ်တာတွေရှိအောင် ဖန်တီးပါတယ်။ ပြီးတော့ ရာဇဝတ်မှုတွေ၊ မင်းမဲ့စရိုက်တွေ ရှိနေတယ်လို့ အကြောင်းပြပြီး လှုပ်ရှားမှုကို ဖြိုခွဲခဲ့ဖူးပါတယ်။

အစိုးရရဲ့ နောက်တဆင့်တက်လာတဲ့ ဖြိုခွဲရေးနည်းလမ်းကတော့ လက်နက်မကိုင် ငြိမ်းချမ်းစွာ ဆန္ဒပြနေသူတွေကို စစ်မြေပြင်က သူပုန်တွေလို သဘောထားပြီး ရက်ရက်စက်စက် အသေပစ်ခတ်တာဘဲ ဖြစ်ပါတယ်။ ဒါဟာ ဂျီနီဗာ နိုင်ငံတကာ သဘောတူညီမှုကို နိုင်ငံအစိုးရကိုယ်တိုင်က ဖောက်ဖျက်တာဖြစ်တဲ့အပြင် လူသားတွေအပေါ် အစိုးရကိုယ်တိုင်က ကျူးလွန်တဲ့ ရာဇဝတ်မှု (Crimes against humanity) လည်း ဖြစ်နေပါတယ်။

၂၀၀၇ ခုနှစ်ရွှေဝါရောင်တော်လှန်ရေးမှာတုန်းက ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတွေကို စစ်အစိုးရရဲ့ စစ်တပ်တွေက သူပုန်စခန်းဝင်စီးသလို ညအချိန်မတော် အဓမ္မဝင်ရောက်စီးနင်းပြီး အကြမ်းဖက်ပစ်ခတ် ဖြိုခွဲပါတယ်။ ပြီးတဲ့အခါ အကြမ်းဖက်လုပ်ရပ်တွေလုပ်နေလို့ ဝင်ရောက်ဖြိုခွဲရတာပါဆိုပြီး မဆီမဆိုင် ဆင်ခြေပေးပါတယ်။ လွတ်လပ်တဲ့ လူထုမီဒီယာဘက်က သက်သေ အထောက်အထားတွေကို တင်ပြပေးနိုင်လို့ မြန်မာလူထုနဲ့ နိုင်ငံတကာက နားမယောင်ပေမယ့် လှုပ်ရှားမှုကြီးတခုလုံး အကြမ်းဖက် ဖြိုခွဲခံလိုက်ရပါတယ်။ စစ်အစိုးရ ရည်ရွယ်သလို ဖြိုခွဲနိုင်ပေမယ့် သမိုင်းမှာ ဖျက်မရတဲ့ အမဲစက်ကြီး စွန်းထင်းပေကျံရစ်သွားတာကြောင့် မပြီးဆုံးသေးတဲ့ တော်လှန်ရေးအတွက် နောင်မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းတာဝန်ပေးဖို့ ဖြစ်လာပါတယ်။

## လူထုလှုပ်ရှားမှုကို အကြမ်းဖက် ဖြိုခွဲတတ်တဲ့ အစိုးရဆိုတာ

လက်နက်မကိုင် ငြိမ်းချမ်းစွာ ဆန္ဒပြ တောင်းဆိုလှုပ်ရှားတဲ့သူတွေကို အစိုးရအမိန့်နဲ့ လက်နက်ကိုင် ချေမှုန်းတာဟာ မတရားတဲ့ကိစ္စပါဘဲ။ တိုင်းပြည်ရဲ့ကောင်းကျိုးတွေအတွက် ငြိမ်းချမ်းသင့်မြတ်စွာ မဖြေရှင်းပဲ ကိုယ့်ပြည်သူအချင်းချင်း ရန်သူလိုသဘောထား ဆက်ဆံတာဟာ မျိုးချစ်စိတ် ကင်းမဲ့တဲ့လုပ်ရပ်ပါဘဲ။

နိုင်ငံတခုမှာ လူသေစေတဲ့ လက်နက်တွေကို တရားဝင် ကိုင်ဆောင်ခွင့်ရှိတဲ့ အဖွဲ့အစည်းတွေ ရှိပါတယ်။ သူတို့ဟာ နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း အတိအကျ လိုက်နာရပြီး နိုင်ငံရဲ့ဘဏ္ဍာငွေ ထောက်ပံ့မှုနဲ့ ရပ်တည်ရပါတယ်။ တနည်းအားဖြင့် နိုင်ငံနဲ့ လူထုအကျိုးကိုသာ တစိုက်မတ်မတ် ထမ်းဆောင်ရပါတယ်။ အဲဒီအဖွဲ့အစည်းတွေကတော့ ရဲတပ်ဖွဲ့နဲ့ စစ်တပ်ဘဲ ဖြစ်ပါတယ်။ တကယ်လို့ တခြားလက်နက်ကိုင် အဖွဲ့အစည်းတွေရှိရင် အခြေခံဥပဒေနဲ့ အကြုံးမဝင်ပါဘူး။

ရာဇဝတ်မှုတခု ဖြစ်လာရင် ပြည်သူတွေရဲ့လုံခြုံမှုရှိအောင် ကာကွယ်ပေးဖို့ ရဲတပ်ဖွဲ့ကို ဖွဲ့စည်းထားရပါတယ်။ ရာဇဝတ်မှု

မဖြစ်သေးရင်တောင် ပြည်သူတွေရဲ့လုံခြုံမှုအတွက် လိုအပ်ရင် ရဲတပ်ဖွဲ့က ကြိုတင်ကာကွယ်ပေးရပါတယ်။ အဓိကရုဏ်း နှိမ်နင်းဖို့ ရဲတပ်ဖွဲ့ဆိုတာ သပ်သပ်ထားရှိရပါတယ်။ သူတို့က ရာဇဝတ်မှု နှိမ်နင်းရေး ရဲတပ်ဖွဲ့နဲ့ မတူရပါဘူး။ တကယ်လို့ ပြည်ပကျူးကျော်သူတွေ တိုက်ခိုက်လာရင် ဒါမှမဟုတ် ပြည်တွင်းမှာ ခွဲထွက်ရေးကိစ္စ သူပုန်ထရင် စစ်တပ်က ခုခံကာကွယ် ရှင်းလင်းပေးရပါတယ်။ ရဲနဲ့ စစ်တပ် နှစ်မျိုးစလုံးအတွက် နိုင်ငံ့ဘဏ္ဍာနဲ့ ထောက်ပံ့ပေးထားရပါတယ်။ ဒါပေမယ့် လူထုကနေ တက်ကြွလှုပ်ရှားလာတဲ့အခါမှာ ရာဇဝတ်မှုပုံစံ ဖြစ်အောင် တမင်တကာ စွပ်စွဲဖန်တီးပြီး အစိုးရက ကြမ်းကြမ်းတမ်းတမ်း တားဆီးဖြိုခွဲပါတော့တယ်။ အဓိကရုဏ်းနှိမ်နင်းဖို့ စစ်တပ်ကိုသုံးပြီး ဖြိုခွဲတာမျိုးတွေ လုပ်ဆောင်ပါတယ်။ ရာဇဝတ်မှုမဟုတ်တဲ့ တက်ကြွလှုပ်ရှားနေတာတွေကို ရာဇဝတ်မှု နှိမ်နင်းသလိုမျိုးတောင် မဟုတ်တော့ပဲ ပြည်ပကျူးကျော်သူတွေ၊ သူပုန်တွေကို စစ်တပ်သုံးပြီး တိုက်ခိုက်ရှင်းလင်းတဲ့ပုံစံမျိုးနဲ့ ဖြိုခွင်း နှိမ်နင်းအထိ အစိုးရတချို့က ရက်စက်ကြမ်းကြုတ်တတ်ကြပါတယ်။

အစိုးရက အဆိုးဝါးဆုံး နှိမ်နင်းလာတဲ့အခါမှာ တက်ကြွလှုပ်ရှားသူတွေ အဖမ်းခံရပါတယ်။ မဟုတ်မမှန်တဲ့ စွဲချက်တွေ အတင်ခံရပြီး အပြစ်ပေးခံရပါတယ်။ ဆိုးဆိုးဝါးဝါး ညှင်းပမ်းနှိပ်စက်တာတွေလည်း ရှိပါတယ်။ လှုပ်ရှားသူတွေဟာ နှစ်ရှည်ထောင်ဒဏ်တွေ ပေးခံရပါတယ်။ အင်အားတွေ၊ အရည်အချင်းတွေ ဆုတ်ယုတ်ကုန်ခမ်းအောင်၊ စိတ်ဓါတ်တွေ ကျဆင်းသွားအောင် အစိုးရက လုပ်ပစ်တာဖြစ်ပါတယ်။ တချို့လှုပ်ရှားသူတွေဆိုရင် ရက်ရက်စက်စက် အသတ်ခံရတဲ့ အထိ ဖြစ်ရပါတယ်။

တက်ကြွလှုပ်ရှားသူတွေ ခေါင်းမထောင်နိုင်တော့အောင်၊ လူထုနဲ့ နိုင်ငံတကာက သူတို့ကို ဆက်လက် မထောက်ခံနိုင် အောင် အစိုးရတချို့က မြေလှန်ပစ်တာမျိုးပါ။ ဒီလိုလုပ်ရပ်မျိုးဟာ တိုင်းပြည်နဲ့လူမျိုး တိုးတက်ဖွံ့ဖြိုးဖို့ကို အမှန်တကယ် ဆိုးဆိုးဝါးဝါး ထိခိုက်စေပါတယ်။ မျိုးဆက်သစ် ခေါင်းဆောင်လောင်းတွေကို အညွှန့်ချိုးပစ်တာပါဘဲ။ အနာဂတ် အင်အားသစ်တွေကို ချိနဲ့ကြုံလှီစေပါတယ်။ တကယ်တော့ ဒီလိုအစိုးရမျိုးဟာ နောင်အနာဂတ်ရဲ့ အရည်အချင်းရှိ ခေါင်းဆောင်လောင်းတွေကို လက်တွဲမခေါ်နိုင်တာ၊ လက်တွဲခေါ်ချင်တဲ့ ဆန္ဒမရှိတာ၊ သူတို့ကဘဲ အာဏာကို ဆက်လက် ချုပ်ကိုင်ချင်နေတာတွေဘဲ ဖြစ်ပါတယ်။ လက်ရှိခေတ်မှာ ဒီလိုအစိုးရမျိုးရဲ့စနစ်ဆိုးကြောင့် ပြည်သူလူထု အညွှန့် အဖူးလေးတွေဟာ အကျင့်စာရိတ္တတွေ ဖောက်ပြန်ပျက်စီးဖို့ ဆွဲဆောင်ခံနေရတဲ့အပြင် နောင်ခေတ်အဆက်ဆက်ကို သမိုင်းအမွေဆိုး ပေးကမ်းလိုက်သလို ဖြစ်နေပါတော့တယ်။

## လူထုတော်လှန်ရေး

တက်ကြွလှုပ်ရှားသူတွေနဲ့ သာမန်ပြည်သူတွေ ပူးပေါင်းမိကြတဲ့အခါ အစိုးရယန္တရား ပုံမှန်လည်ပတ်တာကို ပျက်ပြား သွားအောင် စလုပ်နိုင်ပြီ ဖြစ်ပါတယ်။ ပါဝင်ပူးပေါင်းလာတဲ့ ပြည်သူတွေဟာ ကဏ္ဍပေါင်းစုံက ဖြစ်ပါတယ်။ ခေါင်းရွက် ဗျတ်ထိုး ဈေးရောင်းသူတွေကအစ ကုန်သည်ကြီးတွေအဆုံး၊ ကျောင်းသားလူငယ်တွေကအစ အရပ်ဘက်ပညာရှင်တွေ အဆုံး၊ အလုပ်သမားတွေကအစ အစိုးရဝန်ထမ်းတွေအဆုံး၊ နောက်ဆုံးမှာ ရဲတွေ၊ တပ်မတော်သားတွေအပြင် ဘာသာ တရားအသီးသီးက ပုဂ္ဂိုလ်တွေ၊ အစိုးရမဟုတ်တဲ့ အသင်းအဖွဲ့တွေ၊ အိမ်ရှင်မတွေပါမကျန် ပါဝင်လာတတ်ကြပါတယ်။ နိုင်ငံရေးသမားအချို့ကလည်း ပါဝင်ပူးပေါင်း အားဖြည့်ပေးတတ်ကြပါတယ်။

ဒီလိုယိုင်းပင်းကူညီ ပူးပေါင်းအားဖြည့်လိုက်တာဟာ တက်ကြွလှုပ်ရှားသူတွေက စနစ်တကျ ကြိုတင်ပြင်ဆင်ထားတဲ့ အပေါ် မူတည်ပြီး နာရီပိုင်း ရက်ပိုင်းအတွင်း အမြင့်ဆုံးအရှိန်အဟုန် ဖြစ်လာတတ်ပါတယ်။ ရပ်ကွက်-ကျေးရွာလုံးကျွတ်၊ မြို့လုံးကျွတ် ပါဝင်ဆင်နွှဲလာရာကနေ နိုင်ငံလုံးကျွတ် အစိုးရဆန့်ကျင်ရေးတွေကို သတ္တိရှိရှိ၊ ပွင့်ပွင့်လင်းလင်း လှုပ်ရှား လာကြပါတော့တယ်။

ဒီလိုအခါမျိုးမှာ အစိုးရယန္တယားဟာ လုံးဝရပ်ဆိုင်းလုနီးပါး ဖြစ်သွားပါပြီ။ တချိန်တည်းမှာဘဲ အများပြည်သူတွေ အသုံးပြုနေတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေလည်း ခါတိုင်းလို အစီအစဉ်တကျ မဟုတ်တော့ပဲ လူထုလှုပ်ရှားမှုကို ပံ့ပိုးပေးတဲ့ သဘောလောက်ဘဲ ဖြစ်နေပါတော့တယ်။

ဒီလိုမျိုးကမောက်ကမတွေ ဖြစ်နေရာမှာ အစိုးရဘက်ရော ပြည်သူတွေဘက်မှာ တိုက်ရိုက်ဆုံးရှုံးရတာတွေ ရှိပါတယ်။ ဒါပေမယ့် ဒါဟာ ယာယီဘဲဖြစ်ပြီး ပြည်သူတရပ်လုံး ရေရှည်ကောင်းစားမယ့်အရေးကို ကြည့်ကြဖို့ တက်ကြွလှုပ်ရှားသူတွေနဲ့ လွတ်လပ်တဲ့မီဒီယာတွေက အဖြစ်နိုင်ဆုံး ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြကြပါတယ်။ လူထုက သဘောပေါက်လာတာနဲ့ အမျှ လှုပ်ရှားမှုမှာ ပိုမို ပါဝင်ပူးပေါင်းပြီး အစိုးရကို ဆန့်ကျင်လာကြပါတော့တယ်။

တက်ကြွလှုပ်ရှားသူတွေ စတင်ဦးဆောင်လိုက်တဲ့ အစိုးရ ဆန့်ကျင်ရေးမှာ လူထု ပါဝင်လာလို့ အစိုးရယန္တရားနဲ့ အခြားဝန်ဆောင်မှုလုပ်ငန်းတွေ ထိခိုက်လာတဲ့အခါ အစိုးရက လစ်လျူရှုလို့ မရနိုင်တော့ပဲ ဖြစ်လာပါတယ်။ တနည်းနည်းနဲ့ အရေးယူ ဆောင်ရွက်ပေးရပါတော့တယ်။ လူထုဆန္ဒကို အပြည့်အဝ လိုက်လျောပေးပါတော့တယ်။ ဒီလိုနိုင်ငံရေးအခြေအနေမျိုးမှာ တချို့အစိုးရတွေဟာ မရိုးမသား လှည့်စားဖို့ ကြိုးပမ်းတတ်တာကို သတိရှိနေရပါမယ်။ လှည့်စားတဲ့ အစိုးရမျိုးဟာ လူထုကို ချွေးသိပ်တဲ့သဘောနဲ့ လူထုအလိုကျ အနည်းအကျဉ်း လိုက်လျောပေးတတ်ပါတယ်။ လိုက်လျောဟန်ဆောင်ပြီး အချိန်ဆွဲတတ်ပါတယ်။ နောက်ပိုင်းမှာ လူထုလှုပ်ရှားမှုကို အစိုးရက အကြမ်းဖက် လုံးဝဖြိုခွဲပစ်တတ်ပါတယ်။

လူထုဘက်မှာတော့ အစိုးရက မလိုက်လျောမချင်း လှုပ်ရှားတတ်ကြပါတယ်။ အစိုးရက မလိုက်လျောပဲ တင်းခံနေတဲ့အခါမှာ နောက်ဆုံးကျတော့ တော်လှန်ရေးတရပ် ဖြစ်ပေါ်လာပါတယ်။ ဒါဟာ အစိုးရကို လူထုက အကြမ်းမဖက် ငြိမ်းချမ်းစွာ တောင်းဆိုတာ မရလို့ အဲဒီအစိုးရကို လူထုနည်းနဲ့ ဖြုတ်ချဖို့ ကြိုးပမ်းတဲ့ တော်လှန်ရေး ဖြစ်သွားပါတယ်။

(ဆက်လက်ရေးသားဖော်ပြပါဦးမည်။)

လွင်အောင်စိုး

၂၀၀၉ ဇွန်လ